## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃/ ၂၀၂၃)    ၂၀၂၃ ခုနှစ်၊ မေလ(၄) ရက်

| ၄-၅-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၃၂၁.၄ |
| စင်္ကာပူဒေါ်လာ | ၁၅၈၀.၉ |
| စတာလင်ပေါင် | ၂၆၄၀.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၉.၉ |
| တရုတ်ယွမ် | ၃၀၃.၆၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၉ |
| အိန္ဒိယရူပီး | ၂၅.၆၆၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၇၁ |
| မလေးရှား ရင်းဂစ် | ၄၇၁.၅၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၉၃၄ |
| ထိုင်းဘတ် | ၆၂.၀၅၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၅၆၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုကို တည်ငြိမ်စေရန် မူဝါဒများ ချမှတ်

➢ လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ယွမ်ငွေ (RMB) ၏ လွှမ်းမိုး မှုတိုးလာ

➢ တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လှုပ်ရှားမှုကို စတင်ခဲ့

➢ ကွမ်ရီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံတိုးမြှင့်သွားမည်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှတင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ

### တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုကို တည်ငြိမ်စေရန် မူဝါဒများ ချမှတ်

ပြည်ပဝယ်လိုအား မတည်ငြိမ်မှုများ၊ ကုန်သွယ်မှုဆိုင်ရာစွန့်စားမှုများနှင့် အခြားစိန်ခေါ်မှုများ ရှိနေခြင်းကြောင့် တရုတ်နိုင်ငံသည် ၎င်း၏ နိုင်ငံခြားကုန်သွယ်မှုကို တည်ငြိမ်စေရန် မူဝါဒများကို စတင်ချမှတ်ခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရှိရသည်။

နိုင်ငံခြားကုန်သွယ်မှု တည်ငြိမ်စေရေးအတွက် တရုတ်နိုင်ငံသည် အခွင့်အလမ်းများပိုမိုဖန်တီး ရန်၊ အရေးကြီးကုန်စည်များ၏ ကုန်သွယ်မှုတည်ငြိမ်စေရန်နှင့် နိုင်ငံခြားကုန်သွယ်မှုဆောင်ရွက်သည့် ကုမ္ပဏီများကို ထောက်ပံ့ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟုလည်း သိရှိရသည်။

တရုတ်အစိုးရသည် ကုန်စည်ပြပွဲများကို ပြန်လည်စတင်ခြင်း၊ APEC စီးပွားရေးဆိုင်ရာ ခရီးသွား ကတ်လျှောက်ထားခြင်းလုပ်ငန်းစဉ်ကို ထိရောက်မြန်ဆန်စေခြင်း၊ နိုင်ငံတကာခရီးသည်တင်လေ ကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲခြင်းအပါအဝင် အခွင့်အလမ်းများကို ပိုမိုဖန်တီးမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် တရုတ်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်ရေး ကိုယ်စားလှယ် Wang Shouwen က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ပေကျင်းမြို့၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မိန့်ခွန်းပြောကြားရာ၌ တရုတ် နိုင်ငံသည် အဓိကထုတ်ကုန်များ၏ကုန်သွယ်မှုကို တည်ငြိမ်စေရန်အတွက် မော်တော်ယာဉ်ထုတ် လုပ်သူများကို နိုင်ငံတကာဈေးကွက်ရှာဖွေခြင်းနှင့် ဝန်ဆောင်မှုကွန်ယက်တည်ဆောက်ခြင်းတို့တွင် အကူအညီပေးခြင်း၊ အကြီးစားစက်ကိရိယာစီမံကိန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးခြင်းကဲ့သို့ သော အစီအမံအသစ်များကို ချမှတ်မည်ဟုလည်း ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်မှုအတွက် စီမံခန့်ခွဲမှုနည်းလမ်းများကိုလည်း ပြန် လည်ပြင်ဆင်ခဲ့ပြီး ဒစ်ဂျစ်တယ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကွမ်တုန်း-ဟောင်ကောင်- မကာအို ပင်လယ်အော်ဧရိယာကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ သည်။

နိုင်ငံခြားကုန်သွယ်မှုပုံစံ တိုးတက်လာစေရန် တရုတ်နိုင်ငံသည် အလယ်ပိုင်း၊ အနောက်ပိုင်း နှင့် အရှေ့မြောက်ပိုင်းဒေသများသို့ ကုန်သွယ်မှုလုပ်ငန်းစဉ်ကို ပြောင်းရွှေ့ရန်၊ အချို့နိုင်ငံခြားထုတ် ကုန်များအတွက် ကာဗွန်ထုတ်လုပ်မှုနည်းသော စံနှုန်းများကို ရေးဆွဲသတ်မှတ်ရန်၊ နယ်စပ်ဖြတ် ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့်ဆက်စပ်သော အခွန်မူဝါဒများကို လိုက်နာ

AgriBusiness & Trade

ဆောင်ရွက်ရေး စီးပွားရေးလုပ်ငန်းများကို လမ်းညွှန်ရန်နှင့် အကောက်ခွန်ရှင်းလင်းရာတွင် ပိုမိုထိရောက်မှုရှိစေရန်ဆောင်ရွက်မည်ဟု ဒုတိယဝန်ကြီးကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတိုင်းတွင် အကျိုးစီးပွားကာကွယ်ရေးဝါဒမြင့်တက်လာခြင်းနှင့် ကမ္ဘာ့ဝယ်လိုအား ကျဆင်းခြင်းအပါအဝင် အနုတ်လက္ခဏာဆောင်သော အကြောင်းရင်းများရှိနေသော်လည်း တရုတ်နိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ပါ ပိုမိုခိုင်မာသော ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နေသလို နိုင်ငံခြားကုန်သွယ်မှုကဏ္ဍတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိသည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့သော ကြိုးပမ်းမှုများသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုကို အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံခြားကုန်သွယ်မှုဆောင်ရွက်နေသောလုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အကြပ်အတည်းများကို ဖြေရှင်းနိုင်ရန် အကောက်ခွန်အာဏာပိုင်များသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ သွင်းကုန်နှင့်ပို့ကုန် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဆိပ်ကမ်းများတွင် စီးပွားရေးဝန်းကျင်ကို အကောင်းဆုံးဖြစ်စေရေး၊ လုပ်ငန်းများ၏ ကုန်ကျစရိတ်လျှော့ချနိုင်ရေးနှင့် နိုင်ငံခြားကုန်သွယ်မှုပုံစံသစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရေးတို့ကို အဓိကထား ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Wu Haiping က ပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံတွင် ပြီးပြည့်စုံသောလုပ်ငန်းစနစ်နှင့် ခံနိုင်ရည်ရှိသော ထောက်ပံ့ရေးကွင်းဆက်များ ရှိသည့်အပြင် ထုတ်ကုန်ပစ္စည်းများနှင့် ကုန်သွယ်မှုပုံစံကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခြင်း၊ ကုန်သွယ်ဖက်များ တိုးချဲ့နိုင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် e-commerce အပါအဝင် စီးပွားရေးပုံစံများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုကဏ္ဍသည် မကြာသေးမီနှစ်များအတွင်း အားကောင်းလာခဲ့ကြောင်း သိရှိရပါသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း၊ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ အပါအဝင် အဓိကကုန်သွယ်ဖက်များသို့ ပို့ကုန်တည်ငြိမ်စေရန် တရုတ်နိုင်ငံက ပိုမိုလုပ်ဆောင်သင့်ကြောင်း၊ တစ်ချိန်တည်းမှာပင် Belt and Road Initiative တွင်ပါဝင်သည့်နိုင်ငံများနှင့် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် လက်တင်အမေရိကရှိ နိုင်ငံများတွင် ဈေးကွက်အလားအလာသစ်များကို ပိုမိုအသုံးချရမည်ဖြစ်ကြောင်း International Economic International Economic Exchanges China Center ၏ ဒုဥက္ကဋ္ဌ Ning Jizhe က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ကမ္ဘာအနှံ့သို့ ကုန်ပစ္စည်းများ ပို့ဆောင်ရောင်းချရန် စိတ်အားထက်သန်သော တရုတ်ပြည်တွင်း ထုတ်လုပ်သူများ အထူးသဖြင့် Zhejiang၊ Jiangsu၊ Shandong၊ Fujian နှင့် Sichuan ကဲ့သို့သော ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်အချက်အချာဒေသများမှ ပြည်တွင်းထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်ကုန်များတွင် နည်းပညာတန်ဖိုးကို ထည့်သွင်းရန်နှင့် ပြည်တွင်း၌ သာမက ကမ္ဘာ့ဈေးကွက်များရှိ ကုန်စည်ပြပွဲ အကြီးစားများတွင် ပါဝင်တက်ရောက်ရန် အားထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

လူချင်းထိတွေ့သည့်လုပ်ငန်းများကို အပြည့်အဝ ပြန်လည်စတင်ခြင်းနှင့်အတူ Canton Fair ဟုလည်း လူသိများသော (၁၃၃)ကြိမ်မြောက် တရုတ်သွင်းကုန်နှင့် ပို့ကုန်ကုန်စည်ပြပွဲ၏ ဒုတိယ အဆင့်တွင် ကုမ္ပဏီပေါင်း (၁၂,၀၀၀) နီးပါးကို ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကူးစက်ရောဂါ အကြိုအဆင့်ထက် (၃,၈၀၀) ပိုများခဲ့ကြောင်းနှင့် အဆိုပါပြပွဲကို ဧပြီလ (၁၅)ရက်နေ့မှ မေလ (၅) ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်တွင် တည်ငြိမ်စွာစတင်နိုင်ခဲ့ပြီး ပထမ သုံးလပတ်တွင် ကုန်ပစ္စည်းတင်ပို့တင်သွင်းမှုစုစုပေါင်းသည် ယခင်နှစ်ထက် ၄.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရားဝင်အချက်အလက်များ၌ ဖော်ပြခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် တရုတ်အစိုးရသည် နိုင်ငံတကာကုန်သွယ်မှုကို တွန်းအားပေးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေးအင်အား(economic power)ကို တိုးချဲ့လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202304/24/WS64455ae7a310b6054facf484.html

https://english.news.cn/20230423/4cff0d8a6ccf4f4b8e8cb9d209aacab6/c.html

**ကေခိုင်ကျော်၊ စီးပွားရေးသံမှူး**

**နန်နင်း**

## လက်ရှိ နိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ယွမ်ငွေ (RMB) ၏ လွှမ်းမိုးမှု တိုးလာ

လက်ရှိနိုင်ငံတကာငွေကြေးစနစ်တွင် တရုတ်ငွေကြေး ယွမ် (renminbi– RMB) ၏ လွှမ်းမိုးမှုသည် တိုးလာကြောင်း Economic Daily ဝက်ဘ်ဆိုက်က ၂၄–၄–၂၀၂၃ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း၊ တရုတ်ကမ်းလွန်ရေနံလုပ်ငန်း (China National Offshore Oil Corporation–CNOOC) နှင့် ပြင်သစ်စွမ်းအင်ကုမ္ပဏီ Total Energies တို့သည် သဘာဝဓာတ်ငွေ့ရည် ကုန်သွယ်မှုအတွက် တရုတ်ယွမ်ငွေဖြင့် ပထမဆုံးငွေပေးချေမှုကို မကြာသေးမီက အပြီးသတ်ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား သဘောတူညီမှုရရှိခဲ့ပြီး နောက် ဘရာဇီးလ်နိုင်ငံသည် ယွမ်ငွေဖြင့် ငွေပေးချေမှုဆောင်ရွက်ခွင့်ရှိသည့်ဘဏ်ကို ခန့်အပ်ခြင်း နှင့်အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ယွမ်ဖြင့်လက်ခံရန် ကြေညာခဲ့ကြောင်း သိရှိရပါ သည်။

တရုတ်နိုင်ငံ၏ ယွမ်ဖြင့် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုပမာဏသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၄၂) ထရီလီယံ (အမေရိကန်ဒေါ်လာ ၆.၀၉ ထရီလီယံ) ကျော်လွန်ခဲ့ပြီး ၂၀၁၇ ခုနှစ်ထက် (၃)ဆ တိုး လာကြောင်း ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

လက်ရှိတွင် တရုတ်ယွမ် (RMB) သည် နိုင်ငံတကာငွေပေးချေမှုများအတွက် ပဉ္စမမြောက် အသုံး အများဆုံးငွေကြေး၊ ပဉ္စမမြောက်နိုင်ငံတကာအရန်ငွေကြေးနှင့် IMF ၏ IMF's Special Drawing Rights တွင် တတိယမြောက်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေ၊ နိုင်ငံခြားအရန်ငွေအဖြစ် အသုံးပြုခြင်း နှင့် တန်ဖိုး သတ်မှတ်ခြင်းကဲ့သို့ နိုင်ငံတကာငွေကြေးအဖြစ် ယွမ် (RMB) ၏ လုပ်ဆောင်ချက်များ သည် ကဏ္ဍစုံတွင် အားကောင်းလျက်ရှိကြောင်း သိရှိရပါသည်။

ယွမ်ငွေရှင်းလင်းရေးဘဏ်များနှင့် ဒေသသုံးငွေကြေးဖြင့် ငွေပေးချေမှုကွန်ရက်များ တည် ထောင်ခြင်း၊ ယွမ် (RMB)၏ ပြည်ပဈေးကွက်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်တွင်းဘဏ္ဍာရေးဈေး ကွက်များ ဖွင့်ပေးလိုက်ခြင်းနှင့် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ဘဏ္ဍာရေးအဖွဲ့ အစည်းများ၏ ပြည်ပတွင် လုပ်ငန်းဆောင်ရွက်မှုပုံစံကို စဉ်ဆက်မပြတ်တိုးတက်စေခြင်းတို့ကြောင့် ယွမ် (RMB) သည် နိုင်ငံတကာအသုံးပြုမှုအတွက် အချိတ်အဆက်များရရှိခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်နှင့် တရုတ်ဘဏ္ဍာရေးဈေး ကွက်ကို ထပ်မံဖွင့်လှစ်လိုက်ခြင်းတို့ကြောင့် ယွမ် (RMB) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်လုပ်ငန်း များ တဖြည်းဖြည်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် နိုင်ငံတကာပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပတ်ဝန်းကျင် ပြောင်း လဲမှုများနှင့်အတူ နိုင်ငံတကာငွေကြေးစနစ် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ပိုမိုကွဲပြားလာကြောင်း သိရှိရပါသည်။

သို့ပါ၍ တရုတ်နိုင်ငံအနေဖြင့် ယွမ်ငွေကို နိုင်ငံတကာသုံးငွေကြေးအဖြစ် ပိုမိုခိုင်မာအား ကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နောင်တွင် နိုင်ငံတကာကုန်သွယ်မှုတွင် ယွမ်ဖြင့် ပေးချေခြင်းများကို ယခုထက်ပိုမိုအသုံးပြုလာမည့် အလားအလာများရှိနေကြောင်း၊ နိုင်ငံတကာကုန် သွယ်မှုတိုးချဲ့ခြင်းနှင့် ယွမ်ကို နိုင်ငံတကာသုံးငွေကြေးအဖြစ် ဆောင်ရွက်ခြင်းများသည် အပြန်

အလုပ်အကျိုးပြုနေပြီး တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အဓိကအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

Source:[http://global.chinadaily.com.cn/a/202304/24/WS6445e4d9a310b6054facf5fe.html](http://global.chinadaily.com.cn/a/202304/24/WS6445e4d9a310b6054facf5fe.html)
ကောခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

……………………………………………………

## တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး လှုပ်ရှားမှုကို စတင်ခဲ့

တရုတ်အာဏာပိုင်များသည် အဓိကဆိပ်ကမ်းများတွင် စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေရန်နှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ၂၀၂၃ ခုနှစ်အတွက် အထူးလှုပ်ရှားမှုတစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့ကြောင်း ရှင်းဟွာသတင်း၌ ရေးသားဖော်ပြထားပါသည်။

အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အပါအဝင် အစိုးရအေဂျင်စီ(၆)ခုမှ စတင်လုပ်ဆောင်သည့် အဆိုပါလှုပ်ရှားမှုသည် ပေကျင်း၊ တီယန်ကျင်း၊ ရှန်ဟိုင်းနှင့် ချုံချင့်အပါအဝင် ပြည်နယ်အဆင့်ဒေသကြီး(၁၂)ခုရှိမြို့(၁၇)မြို့တွင် ငါးလခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ခေတ်မီဆိပ်ကမ်းများ ဆောက်လုပ်ခြင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်မှုနှင့် ထွန်းသစ်စလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးပေးနိုင်ရန်အတွက် အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နယ်စပ်ဖြတ်ကျော်အကောက်ခွန်ရှင်းလင်းမှုအတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကွင်းဆက်များ လုံခြုံချောမွေ့စွာလည်ပတ်နိုင်စေရန်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုများကို စံချိန်စံညွှန်းသတ်မှတ်ပြီး ကုန်ကျစရိတ်များ လျှော့ချရန်နှင့် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများအကြား အမြတ်အစွန်းနှင့် ကျေနပ်အားရမှုတို့ကို မြှင့်တင်ရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသည် မြို့ကြီး (၁၀)မြို့တွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် အထူးလှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့ကြောင်း၊ အဆိုပါလှုပ်ရှားမှုတွင် စတင်လုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲရေးနှင့် ဆန်းသစ်တီထွင်မှု အစီအမံ (၁၀) ခုစလုံးကို ကောင်းမွန်စွာ

Agribusiness & Trade

အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သကဲ့သို့ ဒေသဆိုင်ရာ အကောက်ခွန်အာဏာပိုင်များမှ ထုတ်ပြန်ခဲ့သည့် မူဝါဒ (၅၀၁) သည်လည်း ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

Source: www.english.news.cn/20230429/2173dd1de7344cc4b12adc6f2e5ed986/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

..........................................................................................

## ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံတိုးမြှင့်သွားမည်

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အစိုးရအရာရှိများ ဦးဆောင်သော စီးပွားရေးနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့မှ (၂၂)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ကုန်သွယ်ရေးကိစ္စရပ်များကို ထဲထဲဝင်ဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း Guangxi Government News ၌ ရေးသား ဖော်ပြထားပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သည့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုညီလာခံကာလအတွင်း၌ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (၁၁)ခုကို ဧပြီလ (၂၂)ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အဆိုပါစီမံကိန်းများသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ် ၇.၈၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၁၄ ဘီလီယံ) ရှိပြီး စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးနယ်ပယ်များ ပါဝင်ကြောင်း သိရှိရပါသည်။

ကွမ်ရှီးဒေသသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်းကြောင်းသာမက ရေကြောင်းပါ ချိတ်ဆက်ထားသည့် တရုတ်နိုင်ငံ၏ တစ်ခုတည်းသောဒေသဖြစ်ပြီး ကမ္ဘောဒီးယားနှင့်အနီးဆုံး ပြည်နယ်များအနက်မှ တစ်ခုလည်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား စုစုပေါင်းပို့ကုန်သွင်းကုန်ပမာဏသည် ယွမ် (၁.၉၇)ဘီလီယံရှိပြီး (၈၈.၃)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကွမ်ရှီးဒေသမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်ပမာဏသည် ယခင်နှစ်တွင် (၈၈.၅)ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယွမ် (၁.၈၆) ဘီလီယံရှိကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် RCEP အောက်၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နားလည်မှုစာချွန်လွှာကို နှစ်ဘက်လက်မှတ်ရေးထိုးခဲ့သဖြင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံ

Agribusiness & Trade

တို့အကြား ကုန်သွယ်မှုပမာဏသည် အရှိန်အဟုန်ဖြင့် တိုးတက်လာကြောင်း ကွမ်ရှီးတာဝန်ရှိသူများက မှတ်ချက်ပြုခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုအလားအလာများ အများအပြားရှိကြောင်းနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် အလားအလာရှိသော အနာဂတ်ကိုပြသလျက်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယား-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြင့်လာစေရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားတာဝန်ရှိသူများသည် တရုတ်နိုင်ငံတကာသွင်းကုန်ကုန်စည်ပြပွဲကဲ့သို့သော အဓိကပွဲများတွင်ပါဝင်ရန် ကမ္ဘောဒီးယားလုပ်ငန်းရှင်များအား တွန်းအားပေးသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားတာဝန်ရှိသူများက မှတ်ချက်ပြုခဲ့ကြောင်း သိရှိရပါသည်။

Source: www.en.gxzf.gov.cn/2023-04/23/c_880304.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………………………………………………

Agribusiness & Trade